# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER


MIFER Newsletter
No: 2, Vol: 1/2026

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (သောကြာနေ့)


## ကမ္ဘာ့အမြင့်ဆုံး Vertical Farm ကို စင်ကာပူနိုင်ငံတွင် ဆောက်ရွက်လျက်ရှိ

စာမျက်နှာ ၁




## ချူကလီးယား စွမ်းအင်ကဏ္ဍသည် တရုတ်နိုင်ငံ၏ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုဖြမှုရှိပြီး သန့်ရှင်းသော စွမ်းအင်ကို ထောက်ပံ့ပေးနိုင်

စာမျက်နှာ ၅



## တရုတ်နိုင်ငံသည် နွေဦးပွဲတော်အတွက် လုံခြုံရေး စစ်ဆေးမှုများ တိုးမြှင့်

စာမျက်နှာ ၁၁




## မပေးဆောင်ရသေးသည့် ထည့်ဝင်ငွေများကြောင့် ဘဏ္ဍာရေးပြိုလဲမှုဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂ အကြီးအကဲ သတိပေး

စာမျက်နှာ ၁၅




# သတင်းများ


| | | |
|---|---|---|
| ကမ္ဘာ့အမြင့်ဆုံး Vertical Farm ကို စင်ကာပူနိုင်ငံတွင် ဆောင်ရွက်လျက်ရှိ | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၁ |
| ပထဝီနိုင်ငံရေး တင်းမာမှုများ မြင့်တက်လာခြင်းနှင့်အတူ ကမ္ဘာ့ရွှေဈေးနှုန်း စံချိန်တင် မြင့်တက်လာ | ဒေါ်မြတ်အိမ်နွေခိုင် (UMO) | ၃ |
| နျူကလီးယား စွမ်းအင်ကဏ္ဍသည် တရုတ်နိုင်ငံ၏ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် လုံခြုံမှုရှိပြီး သန့်ရှင်းသော စွမ်းအင်ကို ထောက်ပံ့ပေးနိုင် | ဒေါ်အိသက်ခိုင် ((UMO) | ၅ |
| အီဂျစ်နိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်ပေးမည့် ရေနံတွင်းသစ်များကို တွေ့ရှိကြောင်းကြေညာ | ဒေါ်အိသက်ခိုင် (UMO) | ၈ |
| အာဖရိကနိုင်ငံ၏ အခွန်ကင်းလွတ်ခွင့် ကုန်သွယ်ရေး အစီအစဉ်အား အမေရိကန် ပြည်ထောင်စုမှ သက်တမ်းတိုး | ဒေါ်ဆုအိမ်သူ (UMO) | ၉ |
| တရုတ်နိုင်ငံသည် နွေဦးပွဲတော်အတွက် လုံခြုံရေး စစ်ဆေးမှုများတိုးမြှင့် | ဒေါ်ဝင်းဇာဇာလှိုင် (UMO) | ၁၁ |
| ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို အထောက်အပံ့ပေးရန်နှင့် အမေရိကန်၏ အကောက်ခွန် တိုးမြှင့်မှုကြောင့် ထိခိုက်နေသော ပို့ကုန်ကဏ္ဍကို မြှင့်တင်ရန် အတွက် အိန္ဒိယအစိုးရက အကောက်ခွန်များလျှော့ချ | ဒေါ်နီလာဝင်း (FERD) | ၁၃ |
| မပေးဆောင်ရသေးသည့် ထည့်ဝင်ငွေများကြောင့် ဘဏ္ဍာရေးပြိုလဲမှု ဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂ အကြီးအကဲ သတိပေး | ဦးသူရိန်ကိုကို (FERD) | ၁၅ |

# သတင်းများ


| | | |
|---|---|---|
| အာဆီယံ၏ ချစ်ပ်ပြားကဏ္ဍာ ရည်မှန်းချက်သည် ထိုင်ဝမ်အတွက် မဟာဗျူဟာမြောက်အခွင့်အလမ်း | ဒေါက်တာခင်ဆွေဦး (UMO) | ၁၆ |
| ထိုင်းပို့ကုန်လုပ်ငန်းရှင်များက လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များကို ပိုမိုကောင်းမွန်စွာ အသုံးပြုရန်ပြောကြား | ဒေါ်ရွှန်းလဲ့သန္တာ (DICA) | ၂၀ |
| ၂၀၂၅ ခုနှစ်တွင် ဂျပန်နှင့် တောင်ကိုရီးယားအကြား ခရီးသွားလာသူအရေအတွက် စံချိန်တင်မြင့်မား | ဒေါ်စန်းစန်းမာ (FERD) | ၂၂ |

# ကမ္ဘာ့အမြင့်ဆုံး Vertical Farm ကို စင်ကာပူနိုင်ငံတွင် ဆောင်ရွက်လျက်ရှိ




စိုက်ပျိုးရေး နည်းပညာလုပ်ငန်း တစ်ခုဖြစ်သည့် Greenphyto က အထပ်မြင့် မြေမဲ့စိုက်ခင်း (multi-storey hydro- ponics farm) ဆောင်ရွက်နေမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့က ကြေညာခဲ့ပါသည်။ အဆိုပါစိုက်ခင်းမှ တစ်နှစ်လျှင် ဟင်းသီးဟင်းရွက်တန်ချိန် ၂,၀၀၀ အထိ စိုက်ပျိုးထုတ်လုပ် နိုင်မည် ဖြစ်ပြီး ယင်းပမာဏမှာ ပုံမှန်သမားရိုးကျစိုက်ခင်းများမှ ထုတ်လုပ်မှု၏ ၄၅ ဆရှိ ပါသည်။ ၂ ဟတ်တာကျယ်ဝန်းပြီး စင်ကာပူဒေါ်လာ သန်း ၈၀ ကျော်အကုန် အကျခံ၍ တည်ဆောက်ထားသည့် အထပ်မြင့်စိုက်ခင်းများမှာ ၂၃ မီတာကျော် အမြင့်ရှိပြီး ကမ္ဘာ့အမြင့်ဆုံး Vertical Farm အဖြစ် ဂင်းနစ်စံချိန် မှတ်တမ်းဝင်ခဲ့ပါသည်။

Greenphyto ၏ တည်ထောင်သူ Susan Chong ၏ ပြောကြားချက်အရ အထပ်မြင့် စိုက်ခင်းတွင် nai bai ၊ မုန်ညှင်းနှင့် အာရှဒေသတွင် ပေါက်ရောက်သည့် အရွက်များကဲ့သို့သော ကြီးထွားနှုန်းမြန်သည့် ဟင်းရွက်များကို အဓိကထား စိုက်ပျိုးမည် ဖြစ်ကြောင်းသိရှိရပါသည်။ Greenphyto သည် Vertical Farm တွင် အစေ့ချ စိုက်ပျိုးခြင်း၊ အာဟာရဖြည့်သွင်းခြင်း၊ သီးနှံတစ်မျိုးနှင့်တစ်မျိုး အလှည့်ကျ ပြောင်းလဲ စိုက်ပျိုးခြင်း (crop movement)၊ ရာသီဥတု ထိန်းချုပ်မှု တို့အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းစဉ်အဆင့်များပါဝင်သည့် proprietary farming system ကို အသုံးပြု၍ အလိုအလျောက် စိုက်ပျိုးသည့်စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ပါသည်။ ရိတ်သိမ်း မှုနှင့် ထုတ်ပိုးမှုတို့တွင် တစ်စိတ်တစ်ပိုင်းကို အလိုအလျောက်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လူအားဖြင့် ဆောင်ရွက်မှုလည်း ပါဝင်မည်ဖြစ်ပါသည်။ AI နှင့် ဒီဂျစ်တယ်ကို အသုံးပြု၍ အပင်ကြီးထွားမှုနှင့် ထုတ်လုပ်မှုကို ကြီးကြပ်မည် ဖြစ်ပြီး ဝယ်လိုအားနှင့်ချိန်ကိုက်ကာ အစီအစဉ်ချ၍ ထုတ်လုပ်မည် ဖြစ်ပါသည်။

စင်ကာပူနိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် အမျှင်ဓာတ်စားသုံးမှု၏ ၂၀ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ရန် ရည်မှန်းထားပြီး အဆိုပါထုတ်လုပ်ရန် ရည်မှန်းချက်တွင် အရွက်များ၊

ဟင်းသီးဟင်းရွက် အမျိုးအမည်ဝင် အသီးများ၊ ပဲအပင်ပေါက်များ၊ မှိုများပါဝင်ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ Greenphyto က လက်လီဆိုင်ပေါင်း ၉၅ ဆိုင်တွင် ၎င်း၏ ဟင်းရွက်များကို ရောင်းချလျက်ရှိ ပါသည်။



အစိုးရအနေဖြင့် အဆိုပါစိုက်ခင်းများအတွက် သုတေသနဖွံ့ဖြိုး တိုးတက်ရေး၊ စိုက်ပျိုးရေးသမားများကို ပြည်ပသို့ စေလွှတ်၍ အတွေ့အကြုံများ ရယူစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ခင်းများ ဖြစ်စေခြင်းစသည့် ထောက်ပံ့မှုများ ပိုမိုပံ့ပိုး ပေးနိုင်ရန် ရန်ပုံငွေ အစီအစဉ်များကို လေ့လာ သုံးသပ်နေကြောင်း ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝါရင့်ဝန်ကြီး Zaqy Mohamad က ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံသည် အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံစေရေး၊ ပြည်ပမှ တင်သွင်းမှု လျှော့ချနိုင်ရေး၊ ယင်း၏ မြေနေရာ၊ လုပ်သားအင်အား၊ စွမ်းအင် အသုံးပြုမှုတို့တွင် အကန့်အသတ်များ ရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဆောင်ရွက်နိုင်စေရန် နည်းပညာကို ထိထိရောက်ရောက် အသုံးချ၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: The Business Times

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ပထဝီနိုင်ငံရေး တင်းမာမှုများ မြင့်တက်လာခြင်းနှင့်အတူ ကမ္ဘာ့ရွှေဈေးနှုန်း စံချိန်တင် မြင့်တက်လာ

ရင်းနှီးမြှုပ်နှံသူများက ဘေးကင်းလုံခြုံသော ရင်းနှီးမြှုပ်နှံမှုအဖြစ် ရွှေကို အလုအယက် ဝယ်ယူစုဆောင်း လာခြင်းကြောင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅,၀၀၀ အထက်သို့ ရောက်ရှိကာ စံချိန်တင်မြင့်တက်ခဲ့ပြီး သမိုင်းဝင်ဈေးနှုန်း မြင့်တက်မှုအဖြစ် ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ စံတော်ချိန် (GMT) ၂၃:၂၁ နာရီတွင် ကမ္ဘာ့ရွှေဈေးသည် ၁.၉၄ ရာခိုင်နှုန်း မြင့်တက်ကာ တစ်အောင်စလျှင် ၅,၀၂၉.၆၂ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလတွင် အမေရိကန် ရွှေကြိုတင်ရောင်းဝယ်မှု (US gold futures) ဈေးနှုန်းမှာ ၁.၀၂ ရာခိုင်နှုန်း မြင့်တက်ကာ ၅,၀၂၉.၇၀ ဒေါ်လာသို့ ရောက်ရှိမည်။

ယခုနှစ်အတွင်း ရွှေဈေးသည် တစ်အောင်စလျှင် အမြင့်ဆုံး ၆,၄၀၀ ဒေါ်လာ အထိ ရောက်ရှိနိုင်ပြီး ပျမ်းမျှအားဖြင့် ၅,၃၇၅ ဒေါ်လာဝန်းကျင်တွင် ရှိနေမည်ဟု ခန့်မှန်းထားကြောင်း ဈေးကွက် လေ့လာဆန်းစစ်သူဖြစ်သည့် Ross Norman က ပြောကြားခဲ့သည်။

ဂရင်းလန်း (Greenland) ကျွန်းကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံနှင့် NATO အဖွဲ့အကြား တင်းမာမှုများ မြင့်တက်လာခြင်းသည် ဘဏ္ဍာရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ မရေရာမှုများကို ပိုမိုဖြစ်ပေါ်စေပြီး ယခုနှစ်အတွင်း ရွှေဈေးနှုန်း မြင့်တက်မှုကို ပိုမိုတွန်းအားပေးလျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကနေဒါနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူညီချက်ကို ဆက်လက်လုပ်ဆောင်ပါက ကနေဒါနိုင်ငံအပေါ် ၁၀၀ ရာခိုင်နှုန်း အကောက်ခွန် စည်းကြပ်မည်ဖြစ်ပြီး ယင်းသဘောတူညီချက်သည် ကနေဒါနိုင်ငံအတွက် အန္တရာယ်ရှိကြောင်း ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေကို သတိပေးခဲ့သည်။

အမေရိကန်နိုင်ငံ၏ ငွေကြေးမူဝါဒဖြေလျှော့မှုများ (အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချခဲ့ခြင်း) အပါအဝင် ဗဟိုဘဏ်၏ ဝယ်လိုအား မြင့်တက်မှု

(အထူးသဖြင့် တရုတ်နိုင်ငံ၏ ဒီဇင်ဘာလအထိ ၁၄ လ ဆက်တိုက် ရွှေဝယ်ယူခဲ့ခြင်း)နှင့် ရွှေကိုလဲလှယ် ရောင်းဝယ်နိုင်သော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများ (Exchange-Traded Funds – ETFs) အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ စံချိန်တင် စီးဝင်လာခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ် အတွင်း ရွှေဈေးနှုန်းသည် ၆၄ ရာခိုင်နှုန်းအထိ ထိုးတက်ခဲ့သည်။



State Street Investment Management မှ အာရှပစိဖိတ်ဒေသ ရွှေဈေးကွက်ဆိုင်ရာ မဟာဗျူဟာ ပညာရှင် Robin Tsui က လက်ရှိ ရွှေဈေးနှုန်း အားကောင်းနေခြင်းသည် ယခင်နှစ်ကတည်းက အရှိန်အဟုန်ဖြင့် ရွှေဈေးနှုန်း မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် လတ်တလော ဈေးနှုန်းမြင့်တက်မှုများသည် မြင့်တက်လာသော ပထဝီနိုင်ငံရေးဆိုင်ရာ စိုးရိမ် ရမှုများ၊ အထူးသဖြင့် သမ္မတထရန့်လက်ထက်တွင် အမေရိကန်နိုင်ငံ၏ မူဝါဒများနှင့် အကောက်ခွန်ဆိုင်ရာ မရေရာမှုများကြောင့် အဓိကဖြစ်ကြောင်း CNA ၏ Asia First အစီအစဉ်တွင် ၎င်းက ပြောကြားခဲ့သည်။

ရွှေဈေးကွက်ထဲသို့ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများအပြင် အခွင့်အရေးအရ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများပါ အမြောက်အမြား စီးဝင်နေတာကို မြင်တွေ့ရကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အကောက်ခွန်ကိစ္စရပ်များနှင့် တင်းမာမှုများအားလုံးသည် ကမ္ဘာ့စီးပွားရေးအပေါ် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာစေရန် ပိုမိုတွန်းအားပေးလျက်ရှိပြီး သမိုင်းကြောင်းအရ ရွှေသည်ငွေကြေး တန်ဖိုးကျဆင်းမှုနှင့် အန္တရာယ်များသော (အမြတ်အရှုံး မသေချာမှုများသော) ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သည့် အကာအကွယ် တစ်ခုဖြစ်ပြီး ယခုလိုအခြေအနေများမှ အကျိုးအမြတ် ရရှိခြင်းဖြစ်ကြောင်း ဆိုသည်။

အခြားသော အဖိုးတန်သတ္တုဈေးကွက်တွင်လည်း ကမ္ဘာ့ငွေဈေး (silver) မှာ ၁.၈၅ ရာခိုင်နှုန်း မြင့်တက်ကာ တစ်အောင်စလျှင် ၁၀၄.၈၅ ဒေါ်လာသို့

ရောက်ရှိခဲ့သည်။ ကမ္ဘာ့ပလက်တီနမ်ဈေး (platinum) မှာ ၀.၂၁ ရာခိုင်နှုန်း ကျဆင်းကာ ၂,၇၆၂.၂၅ ဒေါ်လာရှိပြီး ပါလေဒီယမ် (palladium) မှာ ၀.၂၂ ရာခိုင်နှုန်း မြင့်တက်ကာ ၂,၀၁၄.၅၀ ဒေါ်လာသို့ ရောက်ရှိခဲ့သည်။

ယခင်နှစ်တွင် ငွေဈေး (Silver) တန်ဖိုးသည် ၁၄၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက်သို့ စံချိန်တင် ဆက်လက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

Source: https://www.channelnewsasia.com/business/gold-rushes-record-high-amid-rising-geopolitical-tensions-5882216

ဒေါ်မြတ်အိန္ဒြေခိုင်
ဦးစီးအရာရှိ
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

**နျူကလီးယား စွမ်းအင်ကဏ္ဍသည် တရုတ်နိုင်ငံ၏ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် လုံခြုံမှုရှိပြီး သန့်ရှင်းသော စွမ်းအင်ကို ထောက်ပံ့ပေးနိုင်**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်နိုင်ငံ၏ အဏုမြူစွမ်းအင်ဥပဒေသည် အသက်ဝင်ခဲ့ပြီး ၎င်း၏ နျူကလီးယား စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားအဆင့်ပံ့ပိုးမှုပေးခဲ့သည်။ လုံခြုံမှုရှိပြီး သန့်ရှင်းသော စွမ်းအင်နှင့်အတူ နျူကလီးယား စွမ်းအင်ကဏ္ဍသည် နိုင်ငံ၏ စွမ်းအင်လုံခြုံရေးနှင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် Fujian ရှိ Zhangzhou နျူကလီးယား စွမ်းအင်စက်ရုံ၏ ယူနစ် ၂ ခုသည် စီးပွားရေးလုပ်ငန်းကို စတင်ခဲ့သည်။ ထိုယူနစ်သည် တရုတ်နိုင်ငံတွင် သီးခြားတီထွင်ထုတ်လုပ်ထားပြီး ၎င်း၏ဘေးကင်းရေး အတွက် လူသိများသော တတိယမျိုးဆက် နျူကလီးယားစွမ်းအင် နည်းပညာဖြစ်သည့် **"Hualong One"** နည်းပညာကို အသုံးပြုထားသည်။

Hualong One ၏ တီထွင်သူ Hualong နျူကလီးယားစွမ်းအင် နည်းပညာ ကုမ္ပဏီ၏ အဆိုအရ Hualong One နည်းပညာသည် တတိယမျိုးဆက် ဓာတ်ပေါင်းဖိုများအတွက် ကမ္ဘာ့အမြင့်ဆုံး ဘေးကင်းရေး စံနှုန်းများကိုလိုက်နာပြီး ဘေးကင်းရေးနှင့် စီးပွားရေး စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ဒီဂျစ်တယ်နှင့် ဉာဏ်ရည်ထက်မြက်သော နည်းပညာများကို အသုံးပြုထားကြောင်း သိရှိရပါသည်။

၎င်းတွင် နှစ်ထပ်ထိန်းချုပ်ရေး ဒီဇိုင်းပါရှိပြီး ပြီးပြည့်စုံသော လုံခြုံရေး နည်းပညာများဖြင့် ပေါင်းစပ်ထားရှိပါသည်။ ဤနည်းပညာကိုအသုံးပြုထားသော နျူကလီးယားဓာတ်အားပေးစက်ရုံများသည် ပြင်းထန်သောငလျင်ဒဏ်များကိုလည်း ခံနိုင်ရည်ရှိသည်။



နျူကလီးယား စွမ်းအင်သည် စွမ်းအင် ထုတ်လုပ်မှုတွင် လေနှင့် နေရောင်ခြည် စွမ်းအင်ထက် အားသာချက်များရှိပြီး သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ Hualong One ယူနစ်တစ်ခုတည်းသည် နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀ ဘီလီယံခန့် ထုတ်လုပ်နိုင်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ၈.၁၆ သန်းတန်ခန့် လျှော့ချပေးကာ နှစ်စဉ်ကျောက်မီးသွေးသုံးစွဲမှု တန်ချိန် ၃ သန်းကျော်ကို သက်သာစေနိုင်သည်။ ယခုလက်ရှိတွင် လည်ပတ်နေသော Hualong One ယူနစ် အရေအတွက်သည် ၄၁ ခု ရှိနေပြီဖြစ်ပါသည် ။

တရုတ်နျူကလီးယားစွမ်းအင်အသင်းမှ အချက်အလက်များအရ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်းနိုင်ငံ၏ နျူကလီးယား စွမ်းအင်ထုတ်လုပ်မှုသည် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို တန်ချိန် ၁၇၀ သန်း၊ ဆာလဖာဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို တန်ချိန် ၅၅၂,၄၀၀ နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို တန်ချိန် ၄၈၀,၉၀၀ လျှော့ချနိုင်ခဲ့သည်ဟု သိရှိရပါသည်။

အဏုမြူစွမ်းအင် ဥပဒေအရ တရုတ်နိုင်ငံသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ အပူပေးခြင်း၊ ပင်လယ်ရေငန်မှ ရေချိုထုတ်လုပ်ခြင်း၊ ဟိုက်ဒရိုဂျင် ထုတ်လုပ်မှု၊ အိုင်ဆိုတုပ်ထုတ်လုပ်မှုနှင့် သိပ္ပံနည်းကျ သုတေသနတို့အတွက်

နျူကလီးယား ခတ်ပေါင်းဖိုများအသုံးပြုမှုကို ပံ့ပိုးပေးပါသည်။ ထို့အပြင် လျှပ်စစ် ခတ်အားနှင့် နျူကလီးယားခတ်အားပေးယူနစ်များသည် အခြားသော အသုံးပြုမှု များကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် Jiangsu ပြည်နယ် Xuwei မြို့တွင် တည်ဆောက်မှု စတင်ခဲ့သော နျူကလီးယား-ရေနံခတု ပေါင်းစပ်စီမံကိန်းသည် ရေနံခတုဗေဒ လုပ်ငန်းအတွက် ကာဗွန်နည်းပါးသော ရေနွေးငွေ့ကို ထောက်ပံ့ပေးရန် နျူကလီးယားစွမ်းအင်ကို အသုံးပြုမည့် ကြီးမားသောစီမံကိန်း တစ်ခုဖြစ်သည်။ တရုတ်အမျိုးသား နျူကလီးယားကော်ပိုရေးရှင်း၏ ပြောကြားချက်အရ ၎င်းသည် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချပေးမည်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ စက်မှု လုပ်ငန်းများ၏ စိမ်းလန်းသောအသွင်ပြောင်းမှုအတွက် ဖြေရှင်းချက်အသစ် တစ်ခုကို ပံ့ပိုးပေးမည်ဖြစ်သည်။

စီမံကိန်း၏ ပထမအဆင့်တွင် Hualong One ယူနစ်သုံးခတ်ပေါင်းဖို နှစ်ခုနှင့် အပူချိန်မြင့် ခတ်ငွေ့အအေးပေး ခတ်ပေါင်းဖိုတစ်ခုတို့ကို တွဲဖက် အပူ ပေးရန်အတွက် ပေါင်းစပ်ထားမည်ဖြစ်သည်။ ၎င်းသည် Hualong One ယူနစ်သုံး ခတ်ပေါင်းဖိုများမှ ရေနွေးငွေ့ကို အသုံးပြု၍ ဆားငန်ရေကို အပူပေးကာ ပူနွေးသော ရေနွေးငွေ့ကို ထုတ်လုပ်ပေးမည်ဖြစ်သည်။ ထို့နောက် အမြင့်ဆုံးအပူချိန်ဖြင့် ခတ်ငွေ့ အအေးပေးခတ်ပေါင်းဖိုမှ ရေနွေးငွေ့ကို ပြန်လည်အပူပေးကာ အရည်အသွေးမြင့် စက်မှုလုပ်ငန်းသုံးရေနွေးငွေ့ကို ထုတ်လုပ်မည်ဖြစ်သည်။

အပူပေးလုပ်ငန်းစဉ် အားလုံးပြီးဆုံးသည်နှင့်တစ်ပြိုင်နက် စက်မှုလုပ်ငန်းသုံး ရေနွေးငွေ့ အများစုကို Lianyungang ရှိ ရေနံခတုဗေဒစက်မှု အခြေစိုက်စခန်းသို့ ပေးပို့မည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ခတ်အားများကိုလည်း ဆက်လက်ထုတ်လုပ် ပေးမည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် အသက်ဝင်ခဲ့သော အဏုမြူ စွမ်းအင်ဥပဒေသည် အရည်အသွေးမြင့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံ၏ ထိပ်တန်းပံ့ပိုးမှုတစ်ခုဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော အမျိုးသားစွမ်းအင်လုပ်ငန်း

ညီလာခံတွင် တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် နျူကလီးယားစွမ်းအင်ကို တက်ကြွမှု၊ ဘေးကင်းမှုနှင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဟိုက်ဒရိုဂျင်နှင့် နျူကလီးယားစွမ်းအင်ကဲ့သို့သော အနာဂတ်စွမ်းအင်လုပ်ငန်းများအတွက် ကြိုတင်အစီအစဉ်များ ချမှတ်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်ကုန်တွင် တရုတ်နိုင်ငံ၌ လည်ပတ်နေဆဲ၊ တည်ဆောက်ဆဲသို့မဟုတ် တည်ဆောက်ရန် အတည်ပြုထားသော နျူကလီးယားဓာတ်အားပေးစက်ရုံ ၁၁၂ ခု ရှိပါသည်။ ၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလအတွင်း စီးပွားဖြစ်လည်ပတ်နေသော နျူကလီးယားဓာတ်အားပေးစက်ရုံအရေအတွက်သည် ၁၀၀ ကျော်ရှိလာမည်ဟု မျှော်လင့်ထားကြပါသည်။

Source: https://english.news.cn/20260202/67ab9928f4cd4e 648dc 4baa 47 fed 858a/c.html

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## အီဂျစ်နိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်ပေးမည့် ရေနံတွင်းသစ်များကို တွေ့ရှိကြောင်းကြေညာ

အီဂျစ်နိုင်ငံ၌ အနောက်ကန္တာရနှင့် နိုင်းမြစ်ဝကျွန်းပေါ်ဒေသတို့၌ ရေနံနှင့် သဘာဝ ဓာတ်ငွေ့များစွာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ရှာဖွေတွေ့ရှိမှုမှာ တစ်ရက်လျှင် ရေနံစည်ပေါင်း ၄၃၀၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၄၇ သန်းကို ထုတ်လုပ်မှု တိုးလာမည်ဖြစ်ကြောင်း ရေနံနှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက ကြေညာခဲ့သည်။

Khalda Petroleum, the General Petroleum Company (GPC), and Disouq Petroleum Company (DISOUCO) စသည့် ရေနံကုမ္ပဏီများက ၎င်းတို့၏ ရေနံတူးဖော်ပိုင်ခွင့်ဒေသများ၏ လုပ်ဆောင်သည့် ရေနံတွင်းသစ် ၅ ခု အပါအဝင် အောင်မြင်သည့် ရေနံတူးဖော်ရေး လုပ်ငန်းများမှတွေ့ရှိမှု ရလဒ်များဖြစ်ကြောင်း

ရေနံနှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



Khalda Petroleum ကုမ္ပဏီသည် တစ်ရက်လျှင် ရေနံစည် ၂၅၅၀ ခန့်နှင့် သဘာဝဓာတ်ငွေ့နေ့စဉ် ကုဗပေ ၂၉ သန်း ထွက်ရှိမှုနှင့်အတူ ရှာဖွေတွေ့ရှိမှုသစ် ၃ ခုကို အစီရင်ခံထားကြောင်း၊ အလားတူနိုင်ငံပိုင် GPC ရေနံကုမ္ပဏီသည် အနောက်ပိုင်းနှင့် အရှေ့ပိုင်းကန္တာရများ၌ ရေနံတွင်းလုပ်ငန်းများရရှိပြီး တစ်ရက်လျှင် ရေနံစည် ၁၂၅၀ ကျော်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ၈ သန်း ထွက်ရှိကြောင်း ရေနံနှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ရှာဖွေတွေ့ရှိမှုများသည် အီဂျစ်နိုင်ငံ၏ အမျိုးသားစွမ်းအင် ထုတ်လုပ်မှုနှင့် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ ခိုင်မာလာစေရန် အထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း သိရသည်။

Source: https://english.news.cn/africa/20260117/ 72ec05cd 802b 493 da5402e780c23bfe4/c.html

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## အာဖရိကနိုင်ငံ၏ အခွန်ကင်းလွတ်ခွင့် ကုန်သွယ်ရေးအစီအစဉ်အား အမေရိကန်ပြည်ထောင်စုမှ သက်တမ်းတိုး

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် အာဖရိကနိုင်ငံ၏ အခွန်ကင်းလွတ်ခွင့် ကုန်သွယ်ရေးအစီအစဉ်သည် သက်တမ်းကုန်ဆုံးသွားသဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းတိုးမြှင့်သည့်ဥပဒေကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေး ညှိနှိုင်းရေးမှူးချုပ်မှ တရားဝင်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးကိုယ်စားလှယ် Jamieson Greer သည်

အမေရိကန်စီးပွားရေးလုပ်ငန်းများ၊ လယ်ယာလုပ်ကိုင်သူများနှင့် မွေးမြူရေး လုပ်ငန်းရှင်များအတွက် စျေးကွက် ပိုမိုဝင် ရောက်ခွင့်ပေးရန်နှင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒနှင့် ကိုက်ညီစေရန် အစီအစဉ်ကို ၂၀၂၆ ခုနှစ်တွင် ပါလီမန်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။



၂၀၀၀ ပြည့်နှစ်တွင် ပထမဆုံး ပြဋ္ဌာန်းခဲ့သည့် အမေရိကန်နိုင်ငံနှင့် အာဖရိကနိုင်ငံ၏ ကုန်သွယ်ရေးဥပဒေသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် သက်တမ်း ကုန်ဆုံးခဲ့သောကြောင့် အာဖရိကနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ် အကိုင်အခွင့်အလမ်းများစွာကို ထိခိုက်ခဲ့ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းပေါင်း ၁၈၀၀ ကျော်ကိုလည်း ထိခိုက်စေခဲ့သည်။ အခွန်ကင်းလွတ်ခွင့် ကုန်သွယ်ရေး အစီအစဉ်အား အမေရိကန်ပြည်ထောင်စု၏ အောက်လွှတ်တော်မှ သုံးနှစ်သက်တမ်း တိုးရန် အဆိုပြုခဲ့သော်လည်း အထက်လွှတ်တော်သည် တစ်နှစ်စီသာ သက်တမ်း တိုးမြှင့်ရန်ဆုံးဖြတ်ခဲ့သည်။ ကုန်သွယ်ရေးအစီအစဉ် တိုးမြှင့်ခြင်းသည် အမေရိကန် ပြည်ထောင်စုနှင့် အာဖရိက နိုင်ငံတို့အကြားဆက်ဆံရေးတင်းမာနေချိန်တွင် တိုးမြှင့် လိုက်ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပသည့် G20 ထိပ်သီးအစည်းအဝေးတွင် အဓိကအင်အားကြီး စီးပွားရေးနိုင်ငံ ၂၀ နှင့် ကုန်သွယ်ရေးမပြုလုပ်လိုကြောင်း ထရမ့်က ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီး Parks Tau သည် ကုန်သွယ်ရေး သက်တမ်းတိုးမြှင့်မှုကို ကြိုဆိုခဲ့ပြီး ၎င်းသည် **“အာဖရိကနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ကောင်းမွန်သော စီးပွားရေးနှင့် ပိုမိုခိုင်မာသော ကုန်သွယ်ရေးအား ပေးစွမ်းနိုင်လိမ့်မည်”** ဟုပြောကြားခဲ့သည်။ အမေရိကန် ပြည်ထောင်စု ကုန်သွယ်ရေးညှိနှိုင်းရေးမှူးချုပ်သည် အာဖရိကနိုင်ငံ၏ African Growth and Opportunity Act (AGAO) ကို အဆင့်မြှင့်တင်ပြီး အမေရိကန် နိုင်ငံနှင့် သင့်တင့်လျောက်ပတ်သော အခွန်ကင်းလွတ်ခွင့်များအား ဆက်လက်လုပ် ဆောင်သွားမည် ဖြစ်သည်။

African Growth and Opportunity Act (AGAO) သည် ဈေးကွက်အခြေခံစီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံရေးနှင့်တရားမျှတသောစီးပွားရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်တိုးတက်အောင် လုပ်ဆောင်ရမည်ဟု အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေး ညှိနှိုင်းရေးမှူးချုပ် ပြောကြားခဲ့သည်။

Source: https://www.reuters.com/world/africa/trump-signs-extension-africa-duty-free-trade-program-ustr-says-2026-02-03/

ဒေါ်ဆုအိမ်သူ
ဒုတိယဦးစီးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## တရုတ်နိုင်ငံသည် နွေဦးပွဲတော်အတွက် လုံခြုံရေးစစ်ဆေးမှုများ တိုးမြှင့်




တရုတ်နှစ်သစ်ကူးဟု လူသိများသော နွေဦးပွဲတော်သည် ၂၀၂၆ ခုနှစ်တွင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျရောက်မည်ဖြစ်သည်။ထိုနွေဦးပွဲတော်၏ တရားဝင် အားလပ်ရက်ကာလမှာ ၉ ရက်ဖြစ်သော်လည်း ယခုနှစ် အားလပ်ရက်ကာလသည် ဖေဖော်ဝါရီ ၂ ရက်မှ မတ်လ ၁၃ ရက်အထိဖြစ်သည်။

နိုင်ငံတော်ကောင်စီ လုပ်ငန်းခွင်လုံခြုံရေးကော်မတီသည် နွေဦးပွဲတော် (Spring Festival) အားလပ်ရက် မတိုင်မီနှင့် ပွဲတော်ကာလအတွင်း ကြီးမားသောမတော်တဆမှုများ မဖြစ်ပွားစေရန် အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်ရန် အမိန့် ထုတ်ပြန်ခဲ့ပြီး မီးရှူးမီးပန်းများ၊ ဓာတုပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအပေါ် စစ်ဆေးမှုများကို ပိုမိုတင်းကျပ်စေရန် ဆောင်ရွက်ခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အရ ကော်မတီသည် ဒေသန္တရအစိုးရများ၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ကုန်ပစ္စည်းများထုတ်လုပ်ရာ၌

ဘေးအန္တရာယ် ကင်းရှင်းစေပြီး လူအများအပြား သေဆုံးဒဏ်ရာရစေနိုင်သည့် မတော်တဆမှုများ မဖြစ်ပွားစေရန် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ညွှန်ကြားထားရှိသည်။

အဆိုပါထုတ်ပြန်ချက်တွင် အသက်ကြီးရွယ်အိုများ နေထိုင်သည့် ဘိုးဘွားရိပ်သာများနှင့် အခြားအဆောက်အအုံများတွင် မီးဘေးလုံခြုံရေးကို အထူးအလေးထားရမည်ဖြစ်ပြီး ဘေးလွတ်ရာသို့ ထွက်ခွာရေး လေ့ကျင့်မှုများကို ပုံမှန်ပြုလုပ်ရန် လိုအပ်ကြောင်း ညွှန်ကြားထားသည်။ ထို့အပြင် အထပ်မြင့်အဆောက်အအုံများနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ဆောင်နေကြသော အိမ်များကိုပါ စစ်ဆေးသွားရန် လိုအပ်ကြောင်းညွှန်ကြားထားပါသည်။

အာဏာပိုင်များအား မီးရှူးမီးပန်းများနှင့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများအပေါ် စောင့်ကြည့်ထိန်းသိမ်းမှုကို ပိုမိုကြပ်မတ်ရန် ညွှန်ကြားထားပါသည်။ သံမဏိစက်ရုံများအပါအဝင် စက်မှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင်လည်း လုံခြုံရေးအစီအမံများကို တိုးမြှင့်ရမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးဌာနများသည် အားလပ်ရက်ခရီးသွားလှုပ်ရှားမှုများအတွင်း ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်သူအများစုဝေးသည့် မီးပုံးပြပွဲများနှင့် မီးရှူးမီးပန်းပြပွဲများကဲ့သို့သော နွှေဦးပွဲတော်များတွင် ပြည်သူများကို စောင့်ကြည့်ထိန်းချုပ်ခြင်းနှင့် နေရာစီမံခန့်ခွဲမှုများပြုလုပ်ရန် ညွှန်ကြားထားသည်။

Source: https://english.news.cn/20260203/dde20cd6e91343c7a933abaa07e9b09c/c.html

ဒေါ်ဝင်းဇာဇာလှိုင်
ဒုတိယဦးစီးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို အထောက်အပံ့ပေးရန်နှင့် အမေရိကန်၏ အကောက်ခွန် တိုးမြှင့်မှုကြောင့် ထိခိုက်နေသော ပို့ကုန်ကဏ္ဍကို မြှင့်တင်ရန်အတွက် အိန္ဒိယအစိုးရက အကောက်ခွန်များလျှော့ချ

အိန္ဒိယနိုင်ငံသည် စွမ်းအင်ကူးပြောင်းမှုအတွက် မရှိမဖြစ်လိုအပ်သော ထုတ်ကုန်များတွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကို လျှော့ချရန်နှင့် အမေရိကန်၏ ကုန်သွယ်ရေးမူဝါဒများကြောင့် ထိခိုက်ခဲ့ရသော ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ်သက်သာစေရန်အတွက် အရင်းအနှီးကုန်စည်များနှင့် ကုန်ကြမ်း ပစ္စည်းများအပေါ် စည်းကြပ်သည့် အကောက်ခွန် အမျိုးမျိုးကို လျှော့ချခဲ့ပါသည်။

အကောက်ခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အိန္ဒိယနိုင်ငံ၏ ကုန်စည်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံ ရရှိရေး ရည်မှန်းချက် အတွက် အလွန်အရေးကြီးကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့ပြီး ထုတ်လုပ်မှုစရိတ် သက်သာခြင်းသည် ကုမ္ပဏီများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှု ကွင်းဆက်များတွင် ပါဝင်ချိတ်ဆက်လာနိုင်ရန်နှင့် တရုတ်နိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံမှုများကို ခွဲထုတ်ပြောင်းရွှေ့လာမှုကို ဆွဲဆောင်ရာတွင် အထောက်အကူ ဖြစ်စေမည် ဖြစ်ကြောင်း ၎င်းတို့က ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အရေးပါသော တွင်းထွက်သတ္တုများ ပြုပြင်ထုတ်လုပ် ရန်နှင့် Lithium-ion ဘက်ထရီဆဲလ်များ ထုတ်လုပ်ရန်လိုအပ်သည့် အရင်းအနှီး ကုန်စည်များအပေါ် စည်းကြပ်ထားသော အကောက်ခွန်ကို လျှော့ချသွားခြင်းသည် နိုင်ငံ၏ စွမ်းအင်ကူးပြောင်းမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြု စေမည်ဖြစ်ပြီး တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ဟု ဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman က ပြောကြားခဲ့ပါသည်။

နိုင်ငံ၏ နှစ်စဉ်အသုံးစရိတ်တွင် ဆိုလာမှန်ထုတ်လုပ်ရာ၌ အသုံးပြုသည့် Sodium antimonite နှင့် လျှပ်စစ်ကားသုံး အမြဲတမ်းသံလိုက်များ ထုတ်လုပ်ရာ တွင် အသုံးပြုသည့် ရှားပါးသတ္တုဒြပ်စင်များ၏ အရင်းအမြစ်ဖြစ်သော Monazite တို့အပေါ် စည်းကြပ်ထားသည့် အကောက်ခွန်များကိုလည်း ပယ်ဖျက်ပေးခဲ့ပါ သည်။

မော်တော်ကားများနှင့် အခြားသော သန့်စင်စွမ်းအင်နည်းပညာများတွင် အသုံးပြုသည့် သံလိုက်များ ထုတ်လုပ်မှုကဏ္ဍတွင် ကမ္ဘာ့စျေးကွက်၏ ၉၀ ရာခိုင်နှုန်း

ကျော်ကို ထိန်းချုပ်ထားသော တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် ရှားပါးသတ္တု သံလိုက်များတင်ပို့မှုအပေါ် ကန့်သတ်ချက်များချမှတ်ခဲ့ပြီး အဆိုပါလုပ်ဆောင်ချက်သည် အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေး အစီအစဉ်များကို ထိခိုက်စေခဲ့ပါသည်။



ဝန်ကြီး Sitharaman သည် ပင်လယ်စာ၊ သားရေနှင့် အထည်အလိပ် ထုတ်ကုန်များ ပြည်တွင်း၌ ထုတ်လုပ်မှုကို အထောက်အကူပြုစေရန်အတွက် အကောက်ခွန်များ လျှော့ချပေးခဲ့ပြီး အဆိုပါ ကဏ္ဍများသည် အိန္ဒိယနိုင်ငံအပေါ် အမေရိကန်သမ္မတဒေါ်နယ် ထရမ့်၏ ပိတ်ဆို့ အကောက်ခွန်များချမှတ်မှုကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော လုပ်ငန်းများဖြစ်ပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ကာကွယ်ရေးကဏ္ဍတွင် ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများအတွက် အသုံးပြုမည့် လေယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်းများအပေါ် စည်းကြပ်သည့် အကောက်ခွန်များကိုလည်းကောင်း၊ အီလက်ထရောနစ်လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများအပေါ် စည်းကြပ်သည့် အကောက်ခွန်များကိုလည်းကောင်း သီးခြားစီ လျှော့ချသွားမည်ဖြစ်ကြောင်း Sitharaman က ကြေညာခဲ့ပါသည်။

အကောက်ခွန် ပြုပြင်ပြောင်းလဲမှုများသည် ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများ၊ ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အကာအကွယ်ပေးရေးဝါဒများ မြင့်တက်နေသည့် ကာလအတွင်း အိန္ဒိယနိုင်ငံ၏ အကောက်ခွန်စနစ်ကို ကုန်သွယ်မှုသဘောတူညီချက်အသစ်များနှင့် ကိုက်ညီစေရန် အဆင့်ဆင့် ညှိနှိုင်းပြင်ဆင်ခြင်းဖြစ်ပြီး ၎င်းမှာ ကုန်သွယ်ရေးမူဝါဒ၏ အစဉ်တစိုက်ရှိမှုကို ပြသနေခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့ကြပါသည်။

အမေရိကန်သမ္မတ ထရန့်အစိုးရ၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့စီးပွားရေး အစီအစဉ်တွင် သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်နေစဉ်အတွင်း ဝန်ကြီးချုပ် Narendra Modi အစိုးရသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့က ထုတ်ပြန်သည့် နှစ်စဉ်အသုံးစရိတ်တွင် ၎င်း၏ ကုန်ထုတ်လုပ်မှုကဏ္ဍ

အပေါ် ကြိုးပမ်းမှုအသစ်တစ်ရပ် ထပ်မံပြုလုပ်ခဲ့သော်လည်း ၎င်း၏ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် မျှော်မှန်းထားသလောက် ဖြစ်လာခဲ့ခြင်းမရှိကြောင်း ဖော်ပြထားပါသည်။

Source: https://www.reuters.com/sustainability/climate-energy/india-budget-india-cuts-tariffs-support-local-manufacturing-boost-us-hit-exports-2026-02-01/

ဒေါ်နီလာဝင်း
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## မပေးဆောင်ရသေးသည့် ထည့်ဝင်ငွေများကြောင့် ဘဏ္ဍာရေးပြိုလဲမှုဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂအကြီးအကဲ သတိပေး




ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် Antonio Guterres က အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ထည့်ဝင်ငွေများ ကိုပေးဆောင်ရန် တိုက်တွန်းခဲ့ပြီး၊ ကြွေးမြီများစွာ ရှိနေသောကြောင့် ဘဏ္ဍာရေး ပြိုလဲမှု အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သတိပေးခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က အဖွဲ့ဝင်နိုင်ငံများဆီသို့ ပေးပို့ခဲ့သော စာတစ်စောင်တွင် မစ္စတာ Guterres က ကုလသမဂ္ဂသည် ၂၀၂၅ ခုနှစ်ကို စံချိန်တင်ကြွေးမြီ အမေရိကန်ဒေါ်လာ ၁.၅၆၈ ဘီလီယံဖြင့် အဆုံး သတ်ခဲ့ပြီး၊ ယခင်နှစ်ထက် ၂ ဆကျော် ပိုများကြောင်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်ငွေသားသည် ဇူလိုင်လတွင် ကုန်သွားနိုင်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံ အားလုံးအနေဖြင့် အပြည့်အဝ အချိန်မီပေးချေရန်ဖြစ်သော ၎င်းတို့၏ တာဝန်ဝတ္တရားများကို လေးစား လိုက်နာကြရန် ၎င်းက တိုက်တွန်းခဲ့ပါသည်။

ငွေကြေးအကျပ်အတည်းသည် အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စုက မပေးဆောင်ရသေးသော ပမာဏကြောင့်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂ ဘတ်ဂျက်အတွက် ရန်ပုံငွေထောက်ပံ့ရန် လိုအပ်သော အလှူငွေများ အများဆုံး ထည့်ဝင်သည့်နိုင်ငံဖြစ်ပြီး ၂၂ ရာခိုင်နှုန်း ထောက်ပံ့လျက်ရှိပါသည်။


နိုင်ငံတစ်ခုစီ၏ ပံ့ပိုးကူညီမှုကို ထိုနိုင်ငံများ၏ စီးပွားရေးနှင့် ငွေပေးချေမှုစွမ်းရည်များပေါ်မူတည်၍ ဆုံးဖြတ်ခဲ့ကြပါသည်။ သမ္မတ Donald Trump ၏ အစိုးရအဖွဲ့က ကုလသမဂ္ဂကို ဝေဖန်ခဲ့ပါသည်။

အမေရိကန်၏ ဖိအားပေးမှုအောက်တွင် ကုလသမဂ္ဂသည်ဝန်ထမ်းများကို ပြောင်းရွှေ့ခြင်း၊ ဌာနခွဲများပြန်လည် ဖွဲ့စည်းခြင်း အပါအဝင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဖိအားပေးခံခဲ့ရပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့က ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် မစ္စတာ Guterres က ထည့်ဝင်ငွေများသည် **"အမေရိကန်ပြည်ထောင်စု အပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ တရားဝင်တာဝန်တစ်ရပ်ဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20260131_05/

ဦးသူရိန်ကိုကို
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အာဆီယံ၏ ချစ်ပ်ပြားကဏ္ဍ ရည်မှန်းချက်သည် ထိုင်ဝမ်အတွက် မဟာဗျူဟာမြောက် အခွင့်အလမ်း



၂၀၂၀ ပြည့်နှစ်မှ စတင်၍ အာဆီယံဒေသသည် ဆီမီကွန်ဒတ်တာ ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံကျော် ဆွဲဆောင် နိုင်ခဲ့ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှု အများစုမှာ

မလေးရှားနှင့် စင်ကာပူ နိုင်ငံတို့တွင် များပြားနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

တန်ဖိုးမြှင့်ထုတ်ကုန် နည်းပါးခြင်းနှင့် ကုန်ကြမ်းအခြေခံ စီးပွားရေး တိုးတက်မှုအဆင့်မှ ကျော်လွန်ရန် လိုအပ်ကြောင်းကို အာဆီယံက အသိအမှတ်ပြု လာပြီးနောက် တန်ဖိုးမြင့်မားသော အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းများ ဆီသို့ ပိုမိုအာရုံစိုက်လာခဲ့ပြီး ဆီမီကွန်ဒတ်တာ (Semiconductor) ကဏ္ဍသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ချစ်ပ်ပြားဈေးကွက်သည်

အမေရိကန် ဒေါ်လာ ၁ ထရီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်း ထားရာ အာဆီယံဒေသအနေဖြင့် အဆိုပါကဏ္ဍ၏ မဟာဗျူဟာမြောက်အရေးပါမှု ကို သဘောပေါက်လာပြီး ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တွင် အခိုင်အမာ တည်ရှိ နေစေရန် အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်က မလေးရှားနိုင်ငံ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း **"အာဆီယံ ပေါင်းစည်း ဆီမီကွန်ဒတ်တာ ထောက်ပံ့ရေးကွင်းဆက်မူဘောင်"** (ASEAN Framework for Integrated Semi-conductor Supply Chain - AFISS) ကို ဖော်ဆောင်ခဲ့ခြင်းသည် အာဆီယံ၏ လက်တွေ့ကျသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း သက်သေပြလျက်ရှိပါသည်။

အဆိုပါ မူဘောင်သည် ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက် ချိတ်ဆက်မှု ကို အားကောင်းစေရန်နှင့် အာဆီယံအား ဆီမီကွန်ဒတ်တာ ထုတ်လုပ်မှု အခြေစိုက် စခန်းတစ်ခုအဖြစ် တည်ထောင်ရန် ရည်ရွယ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး အတွက် ဘုံချဉ်းကပ်မှုနှင့် ရည်မှန်းချက်များကို လမ်းညွှန်ပေးနိုင်သောကြောင့် အရေးပါသော တိုးတက်မှုတစ်ခုဖြစ်ပါသည်။ ၎င်းသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဝါဒများကို ညှိနှိုင်းရန်၊ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ အားသာချက်နှင့် အားနည်း ချက်များကို ရှာဖွေဖော်ထုတ်ရန်၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင် ရန်နှင့် ဒေသတွင်း ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးနှင့် ရွှေ့ပြောင်း လုပ်ကိုင်နိုင်မှုတို့ကို အားပေးရန် ရည်ရွယ်ပါသည်။

### အာဆီယံ၏ လက်ရှိအခြေအနေ

၂၀၂၀ ပြည့်နှစ်မှစ၍ ဒေသတွင်းသို့ ဆီမီကွန်ဒတ်တာ FDI ဒေါ်လာ ၆၀ ဘီလီယံကျော် စီးဝင်ခဲ့ရာတွင် မလေးရှားနှင့် စင်ကာပူတို့က အဓိက ရရှိခဲ့ပါသည်။ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ သည်လည်း အတိုင်းအတာ

တစ်ခုအထိ ရရှိခဲ့သော်လည်း ပမာဏမှာ များစွာနည်းပါးပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ဆီမီကွန်ဒတ်တာ ရင်းနှီးမြှုပ်နှံမှုသစ်များ၏ ၁၂ ရာခိုင်နှုန်းသည် အာဆီယံသို့ စီးဝင်ခဲ့ပြီး ၎င်းပမာဏသည် ဖွံ့ဖြိုးဆဲကမ္ဘာသို့ စီးဝင်သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ထက်ဝက်နီးပါး ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် အာဆီယံသည် ကမ္ဘာ့ဆီမီကွန်ဒတ်တာ ပို့ကုန်၏ ၂၅ ရာခိုင်နှုန်းကို တာဝန်ယူခဲ့သော်လည်း ယခုအချိန်အထိ အာဆီယံ၏ အခန်းကဏ္ဍမှာ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် ထုပ်ပိုးခြင်း (Assembly, Testing, and Packaging - ATP) အဆင့်တွင်သာ အဓိက ရှိနေပါသေးသည်။ မလေးရှားနိုင်ငံအနေဖြင့် ကမ္ဘာ့ ATP ထုတ်လုပ်မှု၏ ၁၃ ရာခိုင်နှုန်းကို တစ်နိုင်ငံတည်းမှ ထုတ်လုပ်ပေးလျက်ရှိပြီး အဆင့်မြင့် Wafer Fabrication လုပ်ငန်းမှာမူ စင်ကာပူနိုင်ငံ၌သာ အဓိကတည်ရှိနေပါသည်။

မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် မူဝါဒ၊ အခြေခံအဆောက်အအုံနှင့် ကျွမ်းကျင်လုပ်သား အရင်းအမြစ်တို့တွင် အခြားအာဆီယံနိုင်ငံများထက် ပိုမိုအဆင့်မြင့်နေပါသည်။ အပြန်အလှန်အားဖြင့် အခြားနိုင်ငံများမှာမူ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် မကောင်းမွန်ခြင်း၊ ဂေဟစနစ်ချိတ်ဆက်မှု အားနည်းခြင်းနှင့် အခြေခံအဆောက်အအုံ မပြည့်စုံခြင်း စသည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

သို့သော်လည်း ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် အမျိုးသားမဟာဗျူဟာ လမ်းပြမြေပုံများကို စတင်ဖော်ဆောင်နေကြပြီဖြစ်ပါသည်။ အဆိုပါအရှိန်အဟုန်ကြောင့်ပင် AFISS မူဘောင်ပေါ်ထွက်လာရခြင်းဖြစ်ပြီး ၎င်းသည် ဒေသတွင်းလမ်းပြမြေပုံအဖြစ် ဆောင်ရွက်ကာ ပိုမိုအဆင့်မြင့်သော လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်းဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။

## ထိုင်ဝမ်အတွက် မဟာဗျူဟာမြောက် အခွင့်အလမ်းများ

အာဆီယံနိုင်ငံများ၏ ဆီမီကွန်ဒတ်တာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းမှုများသည် ဒေသပြင်ပရှိ အဓိက ကစားသမားများအတွက် အထူးသဖြင့် ထိုင်ဝမ်အတွက် အခွင့်အလမ်းသစ်များ ဖြစ်လာစေပါသည်။ ၎င်းသည် ထိုင်ဝမ်၏ အရှေ့တောင်အာရှနှင့် ဆက်ဆံရေး နက်ရှိုင်းစေရန် ရည်ရွယ်သော "**တောင်ဘက်သို့ဦးတည်သည့် မူဝါဒသစ်**" (New Southbound Policy) နှင့်လည်း ကိုက်ညီနေပါသည်။ ယခုအချိန်အထိ ထိုင်ဝမ်တွင် ဒေသတွင်း စိုက်ပျိုးရေးနှင့် စီးပွားရေးကဏ္ဍ

အချို့၌သာ အကန့်အသတ်ဖြင့် ရှိနေသော်လည်း အာဆီယံ၏ ဆီမီ ကွန်ဒတ်တာ အစီအစဉ်သည် ထိုင်ဝမ်အတွက် ပိုမိုခိုင်မာသော ခြေကုပ်ယူနိုင်မည့် အခွင့်အလမ်းကောင်း ဖြစ်ပါသည်။

ထိုင်ဝမ်အနေဖြင့် အောက်ဖော်ပြပါ အဓိက နယ်ပယ်သုံးခုတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်-

(၁) ဆီမီကွန်ဒတ်တာ ဂေဟစနစ် တည်ဆောက်မှုဆိုင်ရာ အတွေ့အကြုံများ မျှဝေခြင်း၊

(၂) နည်းပညာ လွှဲပြောင်းပေးခြင်းနှင့်

(၃) ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရာတွင် ကူညီပေးခြင်းတို့ ဖြစ်ပါသည်။

ထို့အပြင် ထိုင်ဝမ်သည် အဆင့်မြင့်နည်းပညာများတွင် ဦးဆောင်သူအဖြစ် ဆက်လက်ရှိနေစဉ် အာဆီယံနိုင်ငံများသို့ နည်းပညာလွှဲပြောင်း ပေးခြင်းဖြင့် ၎င်း၏ အသာစီးရရှိမှုကို မထိခိုက်စေဘဲ ဒေသတွင်း ဆက်ဆံရေးကို အားကောင်းစေနိုင်ပါသည်။

AFISS သည် အာဆီယံအတွက် အစပျိုးမှုတစ်ခုသာ ဖြစ်သော်လည်း ၎င်းသည် ကုန်ထုတ်လုပ်မှု အဆင့်မှကျော်လွှန်၍ ဂေဟစနစ်တစ်ခုလုံးကို မဟာဗျူဟာမြောက် ချဉ်းကပ်လာခြင်းကို ပြသနေပါသည်။ ဤပြောင်းလဲမှုသည် ထိုင်ဝမ်အတွက် အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေး တည်ဆောက်ရန် အခွင့်အလမ်း တစ်ခု ဖြစ်ပါသည်။ သို့သော် အောင်မြင်မှုရရှိရန်မှာ ထိုင်ဝမ်အနေဖြင့် ၎င်း၏ နည်းပညာကျွမ်းကျင်မှုများကို အသုံးချ၍ အာဆီယံနှင့် အစဉ်တစိုက်ထိတွေ့ ဆက်ဆံနိုင်မှု အပေါ်တွင် မူတည်နေမည်သာ ဖြစ်ပါသည်။

Sources: https://moderndiplomacy.eu/2026/02/03/aseans-chip-ambitions-a-strategic-openi ng-for-taiwan/

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## ထိုင်းပို့ကုန်လုပ်ငန်းရှင်များက လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များကို ပိုမိုကောင်းမွန်စွာ အသုံးပြုရန်ပြောကြား

ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suphajee Suthumpun သည် လက်ရှိတွင် အရည်အချင်းပြည့်မီသည့် ကုမ္ပဏီများ၏ ၅၄ ရာခိုင်နှုန်းသည် FTA အထူးအခွင့်အရေးများကို အသုံးပြုနေသည်ကို တွေ့ရှိပြီးနောက် လွတ်လပ်စွာ ကုန်သွယ်ခွင့် သဘောတူညီချက်များ (FTAs)ကို အပြည့်အဝအသုံးပြုရန် ထိုင်းပို့ကုန် လုပ်ငန်းရှင်များကို တိုက်တွန်းထားပါသည်။




FTA မူဘောင်အရ ထိုင်းစတော့အိတ်ချိန်း (SET)တွင် စာရင်းသွင်းထားသော ပို့ကုန်လုပ်ငန်းစု ၃၅၇ ခု အနက်မှ ၁၉၃ ခုသည် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် FTA ၁၄ ခု လက်မှတ်ရေးထိုးထားပြီး ၁၃ ခု အသုံးပြုရန် အဆင်သင့်ဖြစ်နေပါသည်။ **"FTA များကို ပိုမိုအသုံးပြုရန် စာရင်းသွင်း တင်ပို့သူများအား တိုက်တွန်းခဲ့ပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပို့ကုန် စွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန်အတွက် ပံ့ပိုးကူညီမှုများပေးရန် အသင့် ရှိနေပါသည်"** ဟု Mrs Suphajee က SET မှ ပူးတွဲကျင်းပသည့် ဖိုရမ်တွင် ပြောကြားခဲ့ပါသည်။

အိန္ဒိယနှင့် အခြားသော ထွန်းသစ်စ စျေးကွက်များကို အဓိက ဗျူဟာမြောက် အခြားရွေးချယ် စရာများအဖြစ် သတ်မှတ်ပြီး အမေရိကန်နိုင်ငံနှင့် ဝေးကွာသော ပို့ကုန်စျေးကွက်များ ကွဲပြားစေရန် ဝန်ကြီးဌာနက အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု ပြောကြားခဲ့သည်။ အိန္ဒိယ၏ ကြီးမားကျယ်ပြန့်သော စျေးကွက် အရွယ်အစားကြောင့် ထိုင်းနိုင်ငံသည် အာဆီယံမူဘောင်မှတစ်ဆင့် စေ့စပ်ညှိနှိုင်းရေးကို ကြိုးပမ်းလျက်ရှိပြီး မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ပံ့ပိုးမှုနှင့် ရေရှည်စီးပွားရေး ခံနိုင်ရည်ရှိမှုကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

ထိုင်းသည် အိန္ဒိယသို့ ကုန်ပစ္စည်း UScopy ၄ ဘီလီယံခန့် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဘီလီယံ တန်ဖိုးရှိ အိန္ဒိယကုန်ပစ္စည်းများကို တင်သွင်းခဲ့

ပါသည်။ အိန္ဒိယစံနှုန်းဗျူရို (BIS) နှင့် ပူးပေါင်းကြိုးပမ်းမှုများသည် ကုန်သွယ်မှု ပမာဏကို သိသိသာသာ ချဲ့ထွင်နိုင်မည်ဖြစ်ကြောင်းသိရ ပါသည်။

အာရုံစူးစိုက်မှုတစ်ခုမှာ အကောက်ခွန်မဟုတ်သော အတားအဆီးများကို ဖြေရှင်းခြင်း ဖြစ်ပြီး၊ သမိုင်းကြောင်းအရ ရှုပ်ထွေး၍ အချိန်ကုန်သည့် BIS ထုတ်ကုန် အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ် ဖြစ်ကြောင်း သိရပါသည်။ **"စံချိန်စံညွှန်းများကို ထိန်းသိမ်းထားစဉ်တွင် အသိအမှတ်ပြုလက်မှတ် လုပ်ထုံးလုပ်နည်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ပါက ပို့ကုန်တန်ဖိုးများသည် အဓိပ္ပါယ်ရှိစွာ တိုးလာနိုင်သည်"** ဟု မစ္စ Suphajee က ပြောကြားခဲ့သည်။

ရေရှည်ရည်ရွယ်ချက်မှာ ပြည်တွင်းအာဏာပိုင်များမှ အသိအမှတ် ပြုထားသော ထိုင်းထုတ်ကုန်များကို မလိုအပ်ဘဲ ထပ်မံစစ်ဆေးခြင်းမပြုဘဲ အပြန်အလှန် အသိအမှတ်ပြုမှုတစ်ရပ်ကို ထူထောင်ရန်ဖြစ်သည်။ ယခုလုပ်ဆောင်မှုသည် လက်ရှိတွင် တင်းကြပ်သော BIS လိုအပ်ချက်များနှင့် သက်ဆိုင်သည့် ကဏ္ဍများတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ မော်တော်ယာဉ် ပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံး ပစ္စည်းများ တင်ပို့ခြင်းအတွက် အကျိုးရှိနိုင်သည်ဟု ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ Environment Institute နှင့် India's Confederation of Indi-an Industry တို့သည် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို မွန်ဘိုင်းတွင် ဇန်နဝါရီ ၈ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်မှု အရှိန် မြှင့်ရန်နှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

အမေရိကန်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံသည် အိမ်နီးချင်း နိုင်ငံများနှင့် လိုက်လျောညီထွေစွာ အကောက်ခွန်နှုန်းထား ၁၉ ရာခိုင်နှုန်း ဝန်းကျင်အတွက် ခွင့်ပြုချက် ရရှိထားကြောင်း Mrs Suphajee က ပြောကြားခဲ့သည်။ နောက်ဆုံး အကောက်ခွန်သတ်မှတ်မှုမတိုင်မီ ကုမ္ပဏီများသည် တင်ပို့မှုအလျင် အမြန် အရှိန်မြှင့်လာသောကြောင့် ယမန်နှစ်က ပို့ကုန်များ မြင့်တက်လာခဲ့ပါသည်။

သို့သော်လည်း တောင်ကိုရီယားကို နမူနာအဖြစ် ကိုးကားပြီး ကနဦး အကောက်ခွန် ၁၅ ရာခိုင်နှုန်း သဘောတူညီချက်ကို နောက်ပိုင်းတွင် ပြန်လည် ပြင်ဆင်ခဲ့သည့် အမေရိကန်သမ္မတ Donald Trump ၏ ကုန်သွယ်ရေး ရပ်တည်

ချက်အပေါ် မသေချာမရေရာမှုများ ရှိနေပါသည်။

**"Trump သည် အခွန်လျော့ကြေးပေးရန် လိုအပ်သည့် တရားဝင် စီရင်ထုံးများကို ရင်ဆိုင် ရသော်လည်း၊ ကဏ္ဍအလိုက် အကာအကွယ် ပေးရေးအစီအမံများမှ တစ်ဆင့် ကုန်သွယ်ရေးဖိအားများ ဆက်လက်ရှိနေနိုင်သည်။ ကမ္ဘာ့ကုန်သွယ်ရေး အခင်းအကျင်းသည် ကြိုတင်ခန့်မှန်းနိုင်စရာ မရှိတော့ကြောင်း ၎င်းသည် မည်သည့် လမ်းကြောင်းကို ဦးတည်မည်ကို ကျွန်ုပ်တို့မသိပါ"** ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် မိတ်ဖက်များအားလုံးနှင့် ထိတွေ့ဆက်ဆံရပြီး အပြန်အလှန် အကျိုးအမြတ်ကို ဦးစားပေးကာ ကုန်သွယ်မှုမဟာဗျူဟာတွင် စဉ်ဆက်မပြတ်ဆက်လက် ထိန်းသိမ်းထားရမည်ဖြစ်သည်။ ကုန်သွယ်ဖက်များနှင့် ယုံကြည်မှုတည်ဆောက်ရန် အချိန်နှင့် စေ့စပ်ညှိနှိုင်းမှုများတွင် မှန်ကန်စွာ ရပ်တည်ပြီး ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အားသာချက်များကို အပြည့်အဝအသုံးချရမည်ဖြစ်ပါသည်။

Source: https://www.bangkokpost.com/business/general/3185619/thai-\exporters-told-to-make-better-use-of-free-trade-deals

ဒေါ်ရွှန်းလဲ့သန္တာ
အငယ်တန်းစာရေး
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ၂၀၂၅ ခုနှစ်တွင် ဂျပန်နှင့် တောင်ကိုရီးယားအကြား ခရီးသွားလာသူအရေအတွက် စံချိန်တင်မြင့်မား

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားလုပ်ငန်းအရာရှိများသည် နှစ်နိုင်ငံအကြား ခရီးသွားလာသူ အရေအတွက် ၂၀၂၅ ခုနှစ်တွင် စံချိန်တင် မြင့်မားခဲ့သည့် အချက်အလက်များကို ထုတ်ပြန်ခဲ့ပါသည်။

လွန်ခဲ့သောနှစ်က ဂျပန်ခရီးသွား ၃.၆၅ သန်းခန့် တောင်ကိုရီးယားသို့ သွားရောက်ခဲ့ကြောင်း ကိုရီးယား ခရီးသွားလုပ်ငန်း အဖွဲ့အစည်းက ကြေညာခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၄၀၀,၀၀၀ ကျော် မြင့်တက်လာခဲ့ခြင်းဖြစ်ပါသည်။

အလားတူကာလအတွင်း တောင်ကိုရီးယားနိုင်ငံသား ၉.၄၅ သန်းကျော်သည် ဂျပန်သို့ လာရောက်လည်ပတ်ခဲ့ကြောင်း ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းက ခန့်မှန်းထားပါသည်။ နှစ်နိုင်ငံအကြား အပြန်အလှန် ခရီးသွားလာသူ အရေအတွက်သည် ၁၃ သန်းကျော်ခဲ့ပြီး စံချိန်သစ်တင်ခဲ့ပါသည်။




Tokyo နှင့် Osaka ကဲ့သို့ မြို့ကြီးများကိုသာမက ရေပူစမ်း သို့မဟုတ် ဂေါက်ကွင်းရှိသော ဒေသတွင်း နေရာများသို့ သွားရောက်သော တောင်ကိုရီးယား ခရီးသွားဧည့်သည်များတိုးလာခဲ့ပါသည်။

တောင်ကိုရီးယားသည် ဂျပန်ခရီးသွားများအတွက် အထူးသဖြင့် K-POP နှင့် တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲများကို အလွန်အမင်း စိတ်ဝင်စားသည့် လူငယ်များတွက် အလွန်လူကြိုက်များသော နေရာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။

ထို့ပြင် လေကြောင်းလိုင်းကုမ္ပဏီများသည် မကြာသေးမီနှစ်များအတွင်း ဂျပန်နှင့် တောင်ကိုရီးယားမှ ဒေသတွင်းမြို့များအကြား ပုံမှန်ခရီးစဉ်များကို တိုးမြှင့်ခဲ့ကြပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လတွင် ဂျပန်နိုင်ငံ Shizuoka မြို့နှင့် တောင်ကိုရီးယားနိုင်ငံ Busan မြို့ အကြား ပုံမှန်ခရီးစဉ်ကို ပထမဆုံးအကြိမ် စတင်မည်ဖြစ်ပါသည်။

ဂျပန်အစိုးရနှင့် တရုတ်အစိုးရအကြား ဆက်ဆံရေးတင်းမာလာမှုကြောင့် ဂျပန်သို့လာသည့် တရုတ်ခရီးသွား အရေ အတွက် လျော့နည်းလာနေသည့်အကြား ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာခြင်းသည် နှစ်နိုင်ငံအကြား ခရီးသွားလာမှုကို တွန်းအားပေးခဲ့ပုံရပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20260131_11/

ဒေါ်စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။

www.mifer.gov.mm